# (၃၃)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး တက်ရောက်ရန်အတွက်

## Online Registration ပြုလုပ်ရန် ထပ်မံဖြည့်စွက်အသိပေးအကြောင်းကြားခြင်း

ရက်စွဲ၊ ၂၀၂၄ခုနှစ် နိုဝင်ဘာလ ( ၂၀ )ရက်

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏**(၃၃)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး**ကိုအောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အစုရှင်များကို ကြိုတင်အသိပေးအပ်ပါသည်။

**အစည်းအဝေးကျင်းပမည့်ရက်** - **၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ( ၂၂)ရက် (တနင်္ဂနွေနေ့)**
**အစည်းအဝေးကျင်းပမည့်အချိန်** - **နံနက်(၉:၀၀)နာရီ**
**အစည်းအဝေးကျင်းပမည့်နေရာ** - **ရန်ကုန်စတော့ခ်အိတ်ချိန်း (YSX)**
**အစည်းအဝေးကျင်းပမည့်ပုံစံ** - **ZOOM online meeting**

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ **(၃၃)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေး**သို့ တက်ရောက် ရမည့် အစုရှယ်ယာများမှာ ရန်ကုန်စတော့အိပ်ချိန်း (YSX)မှ Record Date (၃၀.၁၀.၂၀၂၄) ရက်ဖြင့် ပေးပို့သည့် အစုရှယ်ယာရှင်များ စာရင်းကို အတည်ပြုသတ်မှတ်မည်ဖြစ်ပါသည်။ (၂၈.၁၀.၂၀၂၄) ရက်(Ex-date) မှ စတင်ဝယ်ယူမည့် အစုရှယ်ယာရှင်များသည် ယခုကျင်းပမည့်အစည်းအဝေးသို့ တက်ရောက်ခွင့် မရှိပါကြောင်း အသိပေးအကြောင်းကြားပြီးဖြစ်ပါသည်။

အစုရှယ်ယာရှင်များမှ အစည်းအဝေးသို့တက်ရောက်ရန်အတွက် **(၂၂.၁၁.၂၀၂၄)ရက် သောကြာနေ့ မှ (၆.၁၂.၂၀၂၄)ရက် သောကြာနေ့အထိ** ပထမပုဂ္ဂလိကဘဏ် Website **"www.firstprivatebank.com.mm"**နှင့် **fpb.com.mm တို့တွင် Online Registration** ပြုလုပ်ရမည်ဖြစ်ပါသည်။ Register ပြုလုပ်ပြီးသူများကို အစုရှယ်ယာရှင် အတည်ပြုကြောင်း **message နှင့် email** များမှတဆင့် အကြောင်းကြားစာ ပေးပို့မည် ဖြစ်ပါသည်။

အစုရှယ်ယာရှင်များမှ အစည်းအဝေးသို့ ကိုယ်တိုင်မတက်ရောက်နိုင်ပါက လိုအပ်သည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် ကိုယ်စား ဆန္ဒမဲ ပေးနိုင်ရန်အခြားသူတစ်ဦးဦးကို **ကိုယ်စားလှယ် (Proxy)** လွှဲအပ်ပေးရန် ဖြစ်ပြီး ကိုယ်စားလှယ်လွှဲအပ်သည့် ပုံစံကို ရုံးချုပ်နှင့်ဘဏ်ခွဲများတွင် လည်းကောင်း ၊ ရန်ကုန်စတော့ အိပ်ချိန်း၏ Website" **https://ysx-mm.com** နှင့် ပထမပုဂ္ဂလိကဘဏ် Website **"www.firstprivatebank.com.mm"**တို့တွင် ရယူ နိုင်ပါသည်။

နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အထမြောက်အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် တက်ရောက် ရမည့် အစုရှယ်ယာအရေအတွက်သည် အစုရှယ်ယာအားလုံး၏ (၃၀%)(Quorum)ပြည့်မီရန် လိုအပ်ပါသဖြင့် အစုရှယ်ယာရှင်များမှ **Zoom online Meeting ဖြင့်**ကိုယ်တိုင် တက်ရောက်ပေးပါရန်နှင့် ကိုယ်တိုင် မတက်ရောက်နိုင်ပါက ကိုယ်စားလှယ်လွှဲစာ(Proxy) မဖြစ်မနေ လွှဲအပ်ပေးပါရန် အကြောင်းကြား အပ်ပါသည်။

ညွှန်ကြားချက်အရ

အတွင်းရေးမှူး
ဒါရိုက်တာအဖွဲ့